# မြန်မာ့နိုင်ငံရေးမှာ Soft Power လိုအပ်သလား

တခါက ဆိုဗီယက်ယူနီယံရဲ့စစ်အာဏာရှင် ခေါင်းဆောင်ကြီး ဂျိုးဆက် စတာလင်ဟာ အင်မတန်ကြီးမားတဲ့ စစ်တပ်ကို ပိုင်ဆိုင်ထားချိန်မှာပဲ ငြိမ်းချမ်းရေးနဲ့ မေတ္တာတရားကိုသာ တစိုက်မတ်မတ် ဆောင်ရွက်တဲ့ ပုပ်ရဟန်း မင်းကြီးကို ကမ္ဘာ့အနှံ့ ပြည်သူသန်းပေါင်းများစွာက တလေးတစား ကိုးကွယ်နေခဲ့ကြပါတယ်။ ဒီအခါမှာ စတာလင်က ပုပ်ရဟန်းမင်းကြီးနောက်မှာ စစ်သား ဘယ်လောက်များများရှိလဲလို့ ဝင့်ဝင့်ကြွားကြွားမေးခဲ့ဖူးပါတယ်။ ဓါးခါးချင်း၊ လှံလှံချင်း စစ်ထိုးမယ့်သဘောမျိုး အင်အားချင်း ပြိုင်ဆိုင်မလားလို့ စိမ်ခေါ်လိုက်တာပါပဲ။ ဒါဟာ Hard Power ကို အသုံးချလိုက်တာ ဖြစ်ပါတယ်။

ဒီနေ့ခေတ်ထိတိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂကို အစွယ်မရှိတဲ့ကျားကြီး ဆိုပြီး လက်မခံတဲ့သူတွေ၊ အသုံးမချချင်တဲ့သူတွေ ရှိနေသေးတာကတော့ မဆန်းလှပါဘူး။ ကြီးမားတောင့်တင်းတဲ့ စစ်တပ်ရှိမှ နိုင်ငံရေး အပါအဝင် အရာရာကို လုပ်ဆောင်နိုင်မယ့် အင်အားရှိမှာ ဖြစ်တယ်လို့ တွေးခေါ်ယူဆပုံမျိုးက တချို့သူတွေမှာ ရှိနေတတ်တုန်းပါပဲ။

တကယ်တော့ Power လို့ခေါ်တဲ့ "အား" ဆိုတာ မိမိအလိုရှိသလို အခြားသူတွေက လုပ်ပေးလာစေနိုင်တဲ့ အရည်အသွေးပဲ ဖြစ်ပါတယ်။

ဂျိုးဆက် စတာလင်ရဲ့Hard Power ဆိုတာမျိုးမှာ ပေးဆပ်ခြင်းတွေ ရှိနေရပါတယ်။ မုန်လာဥ ယူမလား - တုတ်နဲ့ရိုက်တာ ခံမလားလို့ ခြိမ်းခြောက် အကြပ်ကိုင်တာတွေ ရှိရပါတယ်။ Hard Power နဲ့ ဆန့်ကျင်ဘက်ကတော့ Soft Power ပါ။ Soft Power ကို "အား"ဆိုတဲ့ ရှုထောင့်ကကြည့်ရင်း အားနည်းတာပဲဆိုပြီး အထင်သေးလို့မရပါဘူး။ ကမ္ဘာ့ကိုစိုးမိုးတာ ပုခက်လွှဲတဲ့ မိခင်များပါ။

Soft Power မှာ တဖက်သားကို ဆွဲဆောင်နိုင်စွမ်းတွေ ရှိနေရပါတယ်။ မတူညီတဲ့ သဘောတရားအခြေခံ၊ မတူတဲ့ ရည်မှန်းရာဆန္ဒတွေ ဘယ်လောက်ပဲ ရှိပေစေ အားလုံးကို ပါဝင်စေရပါတယ်။ အတူတကွ ညှိနှိုင်းဖလှယ်ပြီး နောက်ဆုံးမှာ မိမိတို့ ဖြစ်စေချင်တာကို ရယူနိုင်စွမ်း ရှိရပါတယ်။ မြွေမသေ-တုတ်မကျိုး ဆိုတာမျိုး၊ သားရွှေအိုးထမ်း ပြန်လာတာကို မြင်ရတာမျိုးပါ။

ကုလသမဂ္ဂမှာ ကိုယ်ပိုင်စစ်တပ်ဆိုတာ မရှိပါဘူး။ အင်အားကောင်းတဲ့ တိုင်းပြည်နိုင်ငံလို အရင်းအမြစ်နဲ့ ဘဏ္ဍာရေးမျိုးလည်း မရှိပါဘူး။ ဒါပေမယ့် လိုအပ်ရင် အင်မတန်ကြီးမားတဲ့ စစ်တပ်ကို အဖွဲ့ဝင်နိုင်ငံတွေဆီက ရယူနိုင်စွမ်းရှိပါတယ်။ တကယ်လိုအပ်ရင် ငွေကြေး ထောက်ပံ့ဖို့ အလှူရှင်တွေလည်း အရံသင့်ရှိပြီးသားပါ။ ဒါပေမယ့်လို့ ကုလသမဂ္ဂဟာ နောက်ဆုံးအဆင့် မရောက်မချင်း Hard Power ကို အသုံးချမှာ မဟုတ်ပါဘူး။

Hard Power သုံးနေတာတောင်မှ အခြားတဖက်ကနေ Soft Power ကို ထိထိရောက်ရောက် အသုံးချသွားတာတွေ ရှိပါတယ်။ နမူနာပေးရရင် အရှေ့တီမော၊ ယူဂိုစလားဗီးယားတို့မှာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်တွေ ဝင်ရောက်တပ်စွဲပြီးမှ သံတမန်ရေး လုပ်ဆောင်တာမျိုး

ဖြစ်ပါတယ်။ Soft Power ကို အရင်သုံးကြည့်တယ်။ ဟန်ပုံမပေါ်ရင် Hard Power သုံးပြီး နောက်ဆုံးမှာတော့ Soft Power နဲ့ ပြန်ပိတ်လိုက်တာပါပဲ။

ကမ္ဘာ့လူသားတွေရဲ့ကောင်းကျိုး၊ အထူးသဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ရေးကို အပြုသဘောနဲ့ ဖြည့်ဆည်းဖို့ ကုလသမဂ္ဂကို ရည်ရွယ်ဖွဲ့စည်းခဲ့တာဖြစ်လို့ တတ်နိုင်သမျှ Soft Power ကိုသာ လက်တွေ့မှာ အသုံးချပါတယ်။ စစ်ပွဲတပွဲ တိုက်ရသလိုမျိုး၊ ဒုစရိုက်ဂိုဏ်းတွေက လမ်းပေါ်မှာ ဥပဒေမဲ့ ပြုမူတာမျိုး အရှုံးအနိုင်နဲ့ အကျိုး အမြတ်ကို အလေးထားတာ မဟုတ်ပါဘူး။

ဒါကြောင့် အချို့ကိစ္စတွေမှာ ကြန့်ကြာနေတာ ရှိတတ်ပါတယ်။ ဒါကလည်း ပါဝင်ပတ်သက်နေသူတွေက ဘယ်လောက်များများ ပူးပေါင်းပါဝင်လိုသလဲ၊ လိုက်လျောညီထွေ ဖြစ်လာအောင် ဘယ်လောက်လုပ်ပေးနိုင်မလဲ ဆိုတဲ့အပေါ် မူတည်ပြီး ဖြစ်လာရတာပါပဲ။

ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ အချိန်ဇယား သတ်မှတ်ချက်ထားပြီး သွက်သွက်လက်လက် တွေ့ဆုံကြရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ကုလသမဂ္ဂရဲ့ သံတမန်တွေ ရောက်လာပြီး ကြားဝင်ကူညီပေးနေတာတွေဟာ အစကနဦးမှာတော့ အောင်မြင်တဲ့ လက္ခဏာတွေ တွေ့နေရပါပြီ။ လမ်းစပွင့်သွားပြီဆိုတာ ဘယ်သူမှ ငြင်းလို့ မရနိုင်ပါဘူး။ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေရတဲ့ မြန်မာ့နိုင်ငံရေးဟာ အခုတော့ Hard Power မသုံးရပဲ စတင်ရွေ့လျားလာနေပါပြီ။

နိုင်ငံရေးမှာ တိုးတက်မှု ရှိနေမှသာ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လုံခြုံရေးနဲ့ အနာဂတ်ဘဝ အာမခံချက်ရှိရေးတွေဟာ ပိုပြီး ကောင်းမွန်လာမှာပါ။ ဒါကြောင့် နစ်နာဆုံးရှုံးနေရတဲ့ မြန်မာနိုင်ငံသားတွေ အပါအဝင် နိုင်ငံတကာ မိသားစုအားလုံးက မြန်မာနိုင်ငံမှာ နိုင်ငံရေးအခြေအနေ တိုးတက်လာတာကို ဖြစ်စေချင်ကြပါတယ်။

တချိန်တည်းမှာပဲ မျက်လှည့်ပြလိုက်သလိုမျိုး ရုတ်ချည်းပြောင်းလဲသွားမယ့် အခြေအနေကောင်းကို အခုချက်ချင်း မမြင်ရလို့ အားမလိုအားမရ ဖြစ်နေတာတွေလည်း ရှိနေပါလိမ့်မယ်။ ဒီနေရာမှာ နှစ်ပိုင်းခွဲကြည့်ရမှာ ဖြစ်ပါတယ်။

တပိုင်းက နိုင်ငံရေးအခြေအနေကောင်းကို မြန်မြန်ဆန်ဆန်ဖြစ်လာအောင် သွယ်ဝိုက်တဲ့နည်းနဲ့ ဖိအားပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံရေးပရိယာယ် သုံးတယ်လို့လည်း ပြောချင်ပြောနိုင်ပါတယ်။ နောက်တပိုင်းကတော့ အကောင်းမြင်တဲ့ဘက်ကို ကြည့်ဖို့ အားနည်းနေတာ ဒါမှမဟုတ် သံသယစိတ် ကြီးမားနေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

သင့်တော်တဲ့ ရာသီဥတု အခြေအနေကောင်းတွေရှိမှ အရပ်ဒေသတခုမှာ မိုးရွာလာမှာ ဖြစ်ပါတယ်။ ဥတုရာသီ တောကိုမှီ၏ ဆိုတဲ့အတိုင်း သစ်တောတွေ စိမ်းလန်းစိုပြေမှ ရာသီဥတုကောင်းကို ဖြစ်စေမှာပါ။ ဒါကြောင့် မိုးရွာစေချင်ရင် မိုးရွာနိုင်မယ့် ရာသီဥတုကောင်း ဖြစ်လာအောင် အရင် ဖန်တီးပေးရပါတယ်။

နိုင်ငံရေး ရာသီဥတု ကောင်းမွန်ဖို့ ဆိုတာကလည်း ဘယ်လောက်ပဲ တိုးတက်တဲ့ ခေတ်ကြီးဖြစ်နေပစေ၊ နေ့ချင်း ညချင်း ဖန်ဆင်းလို့ ရတာမျိုး မဟုတ်ပါဘူး။ အနှစ်နှစ်အလလက ရှိနေ

ခဲ့တဲ့ သမိုင်းနောက်ခံတွေ၊ နိုင်ငံရေး ရင့်ကျက်မှုတွေနဲ့ အမှန်တကယ် နိုင်ငံရေးလုပ်ပိုင်ခွင့် အခြေအနေတွေ အားလုံးကို ဆက်စပ်ပေါင်းစည်းရတာ ဖြစ် ပါတယ်။

အခုဆိုရင် Soft Power သုံးတတ်တဲ့ ကုလသမဂ္ဂရဲ့ကြားဝင်ကူညီပေးနေတာတွေကြောင့် မြန်မာနိုင်ငံတွင်းမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံး ပါဝင်ပြီး ညှိနှိုင်းဖလှယ်နိုင်မယ့် နိုင်ငံရေး အနေအထားကို စတင်ဖန်တီးဖို့ ဖြစ်နိုင်နေပါပြီ။ အဆင့်တဆင့်မှာ ခြေကုပ်မြဲအောင် အခြေခံနိုင်ပါမှ၊ နောက်တဆင့် တက်လှမ်းနိုင်အောင် ပိုင်ပိုင်နိုင်နိုင် ရှိနေမှလည်း အခြားအဆင့် တွေကို တိုးတက်အောင်လုပ်ယူရမယ့် နိုင်ငံရေးလုပ်ငန်းစဉ်မျိုး ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေး ဟာ အဲဒီဘက်ကို ကူးပြောင်းစ ပြုလာနေပြီလို့ ဆိုရမှာပါ။

မြန်မာနိုင်ငံမှာလည်း အာဏာရှင်တွေက သူတို့ကို ဆန့်ကျင်အံတုတဲ့ ပြည်သူတွေကို ခါးခါးချင်း စိမ်ခေါ်တာမျိုး ရှိခဲ့ဖူးပါတယ်။ သေနတ်တောင်မှ မပစ်တတ်သူကို သေနတ်ချင်း ယှဉ်ပစ်ဖို့ စိမ်ခေါ်ဝံ့သူတွေ ရှိခဲ့တာကို သံယောင်လိုက်ပြီး မီဒီယာကို မီဒီယာနဲ့ပြိုင်ဖို့ လှုံ့ဆော်လာတာ တွေ့နေရပါတယ်။ Hard Power ကို တလွဲဆံပင်ကောင်း အသုံးချနေတာလို့ပဲ ပြောပါရစေ တော့။

အစိုးရကောင်းတရပ်အနေနဲ့ ပြည်သူတွေ အမှန်တကယ်လိုချင်တဲ့ နိုင်ငံရေးမျိုးကို လက်တွေ့ မှာ ဘယ်လောက်ကောင်းအောင် အကောင်အထည်ဖော်ပေးနိုင်သလဲ ဆိုတဲ့ မေးခွန်းနဲ့ ပြည်သူကို ပြန်လည် စိမ်ခေါ်နိုင်ရဲရပါမယ်။ ဒါဟာ တကယ်တော့ အစိုးရနဲ့ နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးသမားတွေဟာ Soft Power ကို ဘယ်လောက်အသုံးချတတ်သလဲ ဆိုတာ စမ်းသပ် လိုက်တာပါပဲ။

လွင်အောင်စိုး

၁၅-၁၁-၂၀၀၇

(မှတ်ချက် - ဒီဆောင်းပါးကို ရေးဖြစ်သွားတာကတော့ ဟားဗဒ် တက္ကသိုလ်က ပရောဖက်ဆာ *Joseph S. Nye* ရေးတဲ့ The impressive - but limited - soft power of the United Nations ဆောင်းပါးကို ဖတ်လိုက် ရလို့ပါပဲ။)